အားလုံးဆွေးနွေးနိုင်ငံရေး အမျိုးသမီးတွေအတွက် လမ်းဖွင့်ပေး

We, Women, From The Margins to Political Representation

Politics for Women Myanmar သည် အမျိုးသမီးများ နိုင်ငံရေးကဏ္ဍတွင် ပါဝင်ဆုံးဖြတ်ပိုင်ခွင့်ရရှိရေးကား အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအားလုံး အဆုံးသတ်နိုင်ရေးနှင့် မျှတတဲ့လူမှုအသိုက်အမြုံတည်ဆောက်နိုင်ရေးအတွက် အရေးကြီးကြောင်း ခံယူသည့်အလျောက် **“အားလုံးဆွေးနွေးနိုင်ငံရေး၊ အမျိုးသမီးတွေအတွက် လမ်းဖွင့်ပေး”** လှုပ်ရှားမှုကို စတင်လိုက်ရပါသည်။

နိုင်ငံရေးကား လူလက်တဆုပ်စာမှ ဆုံးဖြတ်ရသည့်အရာ မဟုတ်ဘဲ လူမျိုး၊ ဘာသာ၊ ဒေသ၊ အသက်အရွယ် မခွဲခြားဘဲ အမျိုးသမီးတွေအပါအဝင် လူတိုင်းပါဝင်ဆွေးနွေးနိုင်မှသာ အားလုံးအတွက် တရားမျှတသည့် အနာဂတ်ကို တည်ဆောက်နိုင်မည်ဟု အခိုင်အမာ ယုံကြည်ပါသည်။

ထို့ကြောင့် လွတ်လပ်ပြီး တန်းတူညီမျှကာ တရားမျှတမှုကို အခြေခံပြီး တည်ဆောက်မည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်အတွက် ရပ်တည်လိုသူတိုင်းကို ဖိတ်ခေါ်လိုက်ရပါသည်။ မိမိအမြင်နှင့် ရပ်တည်ချက်များကို ဗီဒီယိုဖိုင်၊ အသံဖိုင် သို့မဟုတ် စာရေးကာ ပေးပို့နိုင်ပါသည်။

- *အမျိုးသမီးတွေ နိုင်ငံရေးမှာ ပါဝင်ဖို့ ဘာကြောင့် အရေးကြီးတယ်လို့ ထင်ပါသလဲ။*
- *သင့်အသိုက်အမြုံ သို့မဟုတ် ဒေသမှာ အမျိုးသမီးတွေ ဆုံးဖြတ်ချက်ချရာနေရာတွေမှာ ပါဝင်ဖို့ ဘယ်လို အခက်အခဲတွေ ရှိနေပါသလဲ။*
- *“အားလုံးဆွေးနွေးနိုင်ငံရေး” ဆိုတာ သင့်အတွက် ဘာကို ဆိုလိုပါသလဲ။*
- *အမျိုးသမီးတွေအတွက် လမ်းဖွင့်ပေးဖို့ ဘယ်သူတွေက ဘာတွေ လုပ်ဆောင်သင့်ပါသလဲ။*

မိမိ၏ ယုံကြည်ချက်နှင့် ရပ်တည်ချက်ကား စစ်မှန်တဲ့ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရန်အတွက် သဲတပွင့်ဖြစ်သည့်အပြင် ဖိနှိပ်ခံရသူတိုင်းအတွက် မျှော်လင့်ချက်တံခါးတစ်ချပ်လည်း ဖြစ်ပါသည်။

ထို့ကြောင့် အတူတကွပါဝင်ပေးကြဖို့ ဖိတ်ခေါ်အပ်ပါသည်ရှင်။

Email: campaign.pfwm@gmail.com

#GederJusticetoFederalDemocraticFuture